***ပြစ်မှုတရားစီရင်ရေး တာဝန်ရှိသူများအတွက် လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်ဆောင်ရွက်ခြင်း ဆိုသည်မှာ အဘယ်နည်း။***

လူကုန်ကူးခံရသူဗဟိုပြုချဉ်းကပ်ဆောင်ရွက်ခြင်းဆိုသည်မှာ သင့်အနေဖြင့်

(၁) လူကုန်ကူးခံရသူအား ဘေးအန္တရာယ်မကျရောက်အောင်ကာကွယ်ပေးခြင်း ဖြစ်သည်။

(၂) လူကုန်ကူးခံရသူအား နောက်ထပ်အန္တရာယ်တစ်စုံတစ်ရာ ထပ်မံမကျရောက်အောင် ကာကွယ်ပေးခြင်း ဖြစ်သည်။

(၃) လူကုန်ကူးခံရသူအား သင်၏အာဏာနှင့် လုပ်နိုင်စွမ်းဘောင်အတွင်းမှ အကူအညီပေးခြင်း ဖြစ်သည်။

**လူကုန်ကူးခံရသူအား ဘေးအန္တရာယ်မကျရောက်အောင် ကာကွယ်ပေးခြင်း** ဆိုရာတွင် လူကုန်ကူးသူများ၊ လူကုန်ကူးသူ၏ မိတ်ဆွေသူငယ်ချင်းများ၊ ရပ်ရွာအသိုက်အဝန်းမှလူများ သို့မဟုတ် ၎င်းတို့၏ မိသားစုဝင်များကိုယ်တိုင်တို့က ၎င်းတို့၏ ခန္ဓာကိုယ် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားမှု မရှိစေရန် ဆက်လက်လုပ်ဆောင်ပေးခြင်းတို့ ပါဝင်သည်။

**လူကုန်ကူးခံရသူအား နောက်ထပ်အန္တရာယ်တစ်စုံတစ်ရာ ထပ်မံမကျရောက်အောင် ကာကွယ်ပေးခြင်း** ဆိုသည်မှာ သင့်အနေဖြင့် သင်၏လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့် လူကုန်ကူးခံရသူ၏ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုမရှိအောင် သတိပြုလုပ်ဆောင်ခြင်းကို ဆိုလိုသည်။ ဤနေရာတွင် သင့်အနေဖြင့် သင်၏လုပ်ငန်းကို ကြိုးစားလုပ်ကိုင်ရာမှတစ်ဆင့် လူကုန်ကူးခံရသူတွက် နောက်ထပ် စိတ်သောကဒဏ်ရာများ ထပ်မံခံစားရစေနိုင်သည် (သို့မဟုတ်) စိတ်သောကဒဏ်ရာ ပြန်လည် ခံစားရစေနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ လူကုန်ကူးခံရသူများအနေဖြင့် ၎င်းတို့အား တွေ့ဆုံမေးမြန်းစဉ် စိတ်သောကဒဏ်ရာ ခံစားရပုံကို မေးမြန်းပြောဆိုခိုင်းခြင်း၊ လူကုန်ကူးခံရသူများနှင့် ၎င်းတို့၏အပြုအမူများအား စုံစမ်းစစ်ဆေးခြင်းတွင် ပူးပေါင်းပါဝင်စေခြင်း စသည်ဖြင့် ၎င်းတို့၏ဆန္ဒကို အဓမ္မဆန့်ကျင်လုပ်ဆောင်စေခြင်း၊ လူကုန်ကူးခံရသူကြောင့်သာ ယခုကဲ့သို့ ဖြစ်ပွားရသည်ဟု ပြစ်တင်ခြင်း၊ လူကုန်ကူးခံရသူ၏ ခွင့်ပြုချက်မရှိဘဲ ၎င်း၏ကိုယ်ပိုင် သတင်းအချက်အလက်များအား

မျှဝေဖလှယ်ခြင်း၊ သို့မဟုတ် လူကုန်ကူးခံရသူအား ဘေးကင်း လုံခြုံမှု မရှိစေခြင်း (သို့) ခြိမ်းခြောက်ခြင်း အစရှိသဖြင့် ပြုမူခြင်းများကြောင့် စိတ်သောကဒဏ်ရာ ထပ်မံ ခံစားရနိုင်ပါသည်။

**လူကုန်ကူးခံရသူအား သင်၏အာဏာနှင့် လုပ်နိုင်စွမ်းဘောင်အတွင်းမှ အကူအညီပေးခြင်း** ဆိုရာတွင် အမှုနှင့်မသက်ဆိုင်သူတစ်ဦးအနေဖြင့် အဆိုပါလူကုန်ကူးခံရသူအတွက် မည်သည်တို့အား အကူအညီ ပေးနိုင်မည်ဆိုသည်ကို စိစစ်တွက်ချက်မှု ပါဝင်သည်။ အကယ်၍ လူကုန်ကူးခံရသူက ၎င်းအလိုရှိသည့် အရာတစ်ခုအား သင့်ထံသို့ပြောကြားလာပါက သို့မဟုတ် သင်ကိုယ်တိုင်က ၎င်းအတွက် မည်သည့် အရာလိုအပ်နေကြောင်း သိရှိခဲ့ပါက သင်ကူညီနိုင်သည့်အရာမှာ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်း ပေးရန် ဖြစ်သည်။ ယင်းမှာ တစ်စုံတစ်ဦးအား လူမှုဝန်ထမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးခြင်း၊ မိသားစုဝင်တစ်ဦးဦးနှင့် ဆက်သွယ်မှု ရရှိစေရန် ကူညီပေးခြင်း၊ လူကုန်ကူးခံရသူအား အရေးပေါ် ဆေးဝါးကုသမှု ရရှိစေခြင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ နစ်သိမ့်ပညာပေးဆွေးနွေးခြင်း အစရှိသဖြင့် ရိုးစင်းသည့်ကိစ္စများလည်း ဖြစ်နိုင်သည်။ သို့ရာတွင် ပြစ်မှုတရားစီရင်ရေး တာဝန်ရှိသူတစ်ဦးအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းတစ်ဦး၏တာဝန်ကို ဆောင်ရွက်ရန်သော်လည်းကောင်း၊ သို့မဟုတ် လူကုန်ကူးခံရသူအား မည်သည့်ဝန်ဆောင်မှုမျိုးကိုမဆို တိုက်ရိုက်ဆောင်ရွက်ပေးရန်သော် လည်းကောင်း အကြံပြုခြင်းမျိုးမဟုတ်ဘဲ သင်ကူညီနိုင်သည့် အာဏာနှင့် လုပ်ပိုင်ခွင့်ဘောင်အတွင်းမှ လုပ်ဆောင်သင့်သည်များကိုသာ အကြံပြုခြင်းမျိုးဖြစ်သည်။

လူကုန်ကူးခံရသူဗဟိုပြုချဉ်းကပ်ဆောင်ရွက်ခြင်းဆိုသည်မှာ အမှုတစ်ခုအား လိုက်ပါဆောင်ရွက် နေသူအားလုံးက အဆိုပါလူကုန်ကူးခံရသူအလိုရှိသည်တို့အား ဆုံးဖြတ်ချက်များချမှတ်ပေးခြင်း နှင့် အထောက်အပံ့ဖြစ်စေနိုင်မည့် နည်းလမ်းများအား ဆောင်ရွက်ပေးခြင်း (အကယ်၍ သင့်အနေဖြင့် လူကုန်ကူးခံရသူ၏ ရွေးချယ်မှုများနှင့် သဘောထားခြင်း မတိုက်ဆိုင်လျှင်သော်လည်းကောင်း၊ သို့မဟုတ် အကယ်၍ လူကုန်ကူးခံရသူ အလိုရှိသည်များမှာ သင့်အမှုအတွက် အကောင်းဆုံး ဆုံးဖြတ်ချက် မဟုတ်ခဲ့လျှင်သော်လည်းကောင်း)ကို ဆိုလိုသည်။ လူကုန်ကူးခံရသူအတွက် အကောင်းဆုံးမှာ မည်သည့်အရာဖြစ်ကြောင်းနှင့်စပ်လျဉ်း၍ အဖြေတစ်ခုတည်း မရှိချေ။ လူကုန်ကူး ခံရသူအတွက် မည်သည့်အရာက အကောင်းဆုံးဖြစ်သည်ကိုသိရှိရန်မှာ အဆိုပါ လူကုန်ကူးခံရသူများ အား မေးမြန်းရန်သာဖြစ်သည်။ ဆုံးဖြတ်ချက်ချမှတ်လိုက်ပါက မည်သည်တို့ ဖြစ်လာနိုင်ကြောင်းကို သင်ကရှင်းပြသင့်ပြီး ၎င်းနောက်တွင်မှ လူကုန်ကူးခံရသူ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် ၎င်းတို့ကိုယ်တိုင်ဆုံးဖြတ်ချက် ချမှတ်ခွင့်ပြုရမည်ဖြစ်သည်။ ဥပမာအားဖြင့် သင်က စုံစမ်းစစ်ဆေးမှု၏ အစကနဦးပိုင်းတွင်ရှိနေပါက တွေ့ဆုံမေးမြန်းမှုလုပ်ငန်းစဉ်များအား မည်ကဲ့သို့ ဆောင်ရွက်သွားမည်၊

အခန်းထဲတွင် မည်သူတို့ရှိနေမည်၊ ၎င်းတို့က မည်သည့်အရာများ မျှော်လင့်ထားကြမည် အစရှိသည် တို့ကို လူကုန်ကူးခံရသူအား ရှင်းပြထားနိုင်သည်။ ထို့ပြင် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါက မည်သည်တို့ ဖြစ်လာမည်ဆိုသည်ကိုလည်း လူကုန်ကူးခံရသူအား အချိန်ပေး ရှင်းပြသင့်ပါသည်။ ဥပမာအားဖြင့် လူကုန်ကူးခံရသူများမှ တရားစွဲဆိုမှုတစ်ခုအတွက် ပူးပေါင်းမည်ဟု သဘောတူညီခဲ့ပါက တရားရုံးတွင် သက်သေခံပေးရန် လိုအပ်ကြောင်း ရှင်းပြနိုင်သည်။ ထို့ပြင် လူကုန်ကူးခံရသူများက ပူးပေါင်း ဆောင်ရွက်ခြင်းမပြုခဲ့ပါက လူကုန်ကူးသူမှာ လွတ်မြောက်သွားပြီး နောက်ထပ်အလားတူပြစ်မှုမျိုး ကျူးလွန်နိုင်ကြောင်းကိုလည်း ရှင်းပြနိုင်မည်ဖြစ်ပါသည်။ လူကုန်ကူးခံရသူ မေးမြန်းမည့်မေးခွန်းများ အတွက် အချိန်ပေးဖြေကြားပေးပါ။ လူကုန်ကူးခံရသူများအတွက် စဉ်းစားချိန်ပေးပါ။ ဆုံးဖြတ်ချက် ချခွင့်များပေးပါ။ အကယ်၍ လူကုန်ကူးခံရသူက သင့်အား ဆုံးဖြတ်ချက်ချပေးရန် တောင်းဆိုလာပါက မိမိအနေဖြင့် ၎င်းတို့အတွက် ဆုံးဖြတ်ချက်ချပေးခွင့်မရှိကြောင်း၊ ယင်းကိစ္စအတွက် ၎င်းတို့ကိုယ်တိုင် စဉ်းစားပြီး ဆုံးဖြတ်ချက်ချရန် လိုအပ်ကြောင်း ပြောကြားရမည်။ လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ် ဆောင်ရွက်ခြင်းဆိုသည်မှာ လူကုန်ကူးခံရသူအတွက် တိုက်ရိုက်ထိခိုက်မှု မဖြစ်သမျှကာလပတ်လုံး သင်ကူညီနိုင်သည်များကို ဆောင်ရွက်ပေးခြင်းနှင့် ၎င်းတို့ဆန္ဒအား လိုက်လျောပေးခြင်းဖြစ်သည်။

လူကုန်ကူးခံရသူဗဟိုပြုချဉ်းကပ်ဆောင်ရွက်ခြင်းနည်းလမ်းအား အသုံးပြုခြင်းသည် ပိုမိုကောင်းမွန် သော ရလဒ်များဖြင့် အကူအညီရရှိနိုင်ဖွယ်ရှိသည်ဟု ခြုံငုံသုံးသပ်နိုင်သော်လည်း အချို့အမှုများတွင်မူ လူကုန်ကူးခံရသူ၏ ဆုံးဖြတ်ချက်များသည် ရဲအရာရှိတစ်ဦး သို့မဟုတ် ဥပဒေအရာရှိတစ်ဦး ကဲ့သို့သော သင်တို့အတွက် အကောင်းဆုံးအကျိုးစီးပွား ဖြစ်လာမည် မဟုတ်သည်ကို သတိပြုပါ။

ထို့ပြင် လူကုန်ကူးခံရသူထံသို့ တိုက်ရိုက်အကူအညီပေးရာတွင် အဆိုပါလူကုန်ကူးခံရသူအနေဖြင့် အရင်းအမြစ်များ ရရှိနိုင်သည့်အကူအညီမှန်သမျှပေးခြင်း သို့မဟုတ် ၎င်းတို့လိုအပ်သည့် ဝန်ဆောင်မှု များ (သို့) အထောက်အပံ့များ အကူအညီပေးနိုင်မည့် အခြားတစ်သီးပုဂ္ဂလတို့နှင့် ချိတ်ဆက်ခြင်း စသည်ဖြင့် ဆောင်ရွက်သင့်ပါသည်။

## မည်သည့်အတွက် လူကုန်ကူးခံရသူဗဟိုပြုချဉ်းကပ်ဆောင်ရွက်ခြင်းကို အသုံးပြုသနည်း။

လူကုန်ကူးခံရသူချဉ်းကပ်ဆောင်ရွက်ခြင်းအား လူကုန်ကူးခံရသူများနှင့် ထိတွေ့ဆက်ဆံမှုပြုရာတွင် အသုံးပြုသည့် နိုင်ငံတကာအလေ့အထကောင်းတစ်ခုအဖြစ် သိရှိထားကြသည်။ လူကုန်ကူးမှု၏ သဘာဝသည် များစွာသော အခြားပြစ်မှုများနှင့် ကွဲပြားခြားနားကာ လူ့အခွင့်အရေးဆိုင်ရာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတို့အား ချိုးဖောက်မှုများ မကြာခဏ ပါဝင်ကြသည်။

လူကုန်ကူးခံရသူ ရရှိထားသည့် စိတ်သောကဒဏ်ရာသည် ကနဦးကာလ တစ်ကြိမ်တစ်ခါသာ ကျူးလွန်မှုကြောင့်မဟုတ်ဘဲ လူကုန်ကူးခံရသူအနေဖြင့် ၎င်းတို့၏ကိုယ်ပိုင်ဘဝများအား ထိန်းချုပ်နိုင်ခွင့်မရှိဘဲ လပေါင်းများစွာ သို့မဟုတ် နှစ်ပေါင်းများစွာ ကျူးလွန်ခံရခြင်းကြောင့် ထပ်ကာ ထပ်ကာ ရိုက်ခတ်ဖြစ်တည်လာသည့် ကာလကြာရှည်စိတ်သောကဒဏ်ရာတစ်ရပ်သာ ဖြစ်ပါသည်။ လူကုန်ကူးခံရသူအနေဖြင့် လူကုန်ကူးသူ၏လက်ဝယ်တွင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ စော်ကားခံရနိုင်ဖွယ်ရှိပါသည်။ တရားဥပဒေစိုးမိုးရေးတာဝန်ရှိသူ တစ်ဦးအနေဖြင့် သင်သည် လူကုန်ကူးခံရသူအား ကယ်တင်ပေးနိုင်မည့်အခြေအနေတစ်ရပ်အဖြစ် အကူအညီအများဆုံးပေးနိုင်ရေးအတွက် ဆုံးဖြတ်နိုင်မည်ဖြစ်သည်။

လူကုန်ကူးခံရသူဗဟိုပြုချဉ်းကပ်ဆောင်ရွက်ခြင်းနည်းလမ်းအသုံးပြုခြင်းသည် ပြစ်မှုတရားစီရင်ရေးတာဝန်ရှိသူများအတွက် မကြာခဏပင် အကျိုးအမြတ်ဖြစ်စေပါသည်။ ယင်းနည်းလမ်းသည် အတော်အတန်ကြိုးစားအားထုတ်မှု၊ စိတ်ရှည်သည်းခံမှုနှင့် အချိန်ပေးရန် လိုအပ်မည်ဖြစ်သော်လည်း ဤနည်းလမ်းကိုအမှန်တကယ်အသုံးပြုမည်၊ လူကုန်ကူးခံရသူ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် အလုပ်လုပ်ကိုင်မည်ဆိုပါက လူကုန်ကူးခံရသူ၏ ယုံကြည်မှုကို အလွန်အမင်း ရရှိနိုင်မည်ဖြစ်ပါသည်။ ထိုသို့ ယုံကြည်မှုရရှိခြင်းဖြင့် ပိုမိုကောင်းမွန်နိုင်မာသည့် အထောက်အထားရရှိစေနိုင်သော အမှုအချက်အလက်များကို ပိုမိုလေ့လာသိရှိနိုင်မည်ဖြစ်ပါသည်။ သင့်ကိုယုံကြည်ပြီး သင်ကသာ ၎င်းတို့၏ အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ကျဉ်းပေးနိုင်မည်ဟု ခံစားရသည့် လူကုန်ကူးခံရသူတစ်ဦးသည် တရားစွဲဆိုရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ဖွယ်ရှိသည်။ ထိန်းချုပ်ခံထားရဆဲ၊ အခြားသူတစ်ဦးအတွက် အသုံးချခံရသည်ဟု ခံစားရသည့် လူကုန်ကူးခံရသူတစ်ဦးသည် သင့်အမှုတွင် ပူးပေါင်းဆောင်ရွက်နိုင်ဖွယ်မရှိချေ။ လူကုန်ကူးခံရသူဗဟိုပြုချဉ်းကပ်ဆောင်ရွက်မှုကြောင့် စိတ်အားထက်သန်သော သက်သေတစ်ဦး သို့မဟုတ် ဆုံးဖြတ်ချက်တစ်ခု အမြဲရရှိနိုင်ဖွယ်မရှိသော်လည်း ယင်းနည်းလမ်းကြောင့် မှန်ကန်သည့် လုပ်ငန်းအား အမြဲတမ်းလုပ်ဖြစ်စေသည်။ ယင်းနည်းလမ်းက လူကုန်ကူးခံရသူအား ပြန်လည်ကောင်းမွန်နိုင်စေရေး အကူအညီပေးနိုင်မည့်နည်းလမ်းများ ရရှိစေပြီး လူကုန်ကူးခံရသူအား ၎င်း၏ဘဝနှင့် အနာဂတ်ကို ထိန်းချုပ်ခွင့်ပြုစေသည်။ အချို့သောအမှုများအတွက်ဆိုပါမူ အဆိုပါနည်းလမ်းသည် ပြစ်မှုတရားစီရင်ရေးစနစ်၏ ရည်မှန်းချက်များထက် လူကုန်ကူးခံရသူ၏ လိုအပ်ချက်များက ပိုမိုအရေးကြီးသည်ကို အသိအမှတ်ပြုစေပါသည်။